# ပြည်နယ်အနှံ့ အထူးကု၏ ဆေးပညာပိုင်းဆိုင်ရာ တိုင်ပင်ဆွေးနွေးရေး ဝန်ဆောင်မှု (Statewide Specialist Clinical Consultation Service)

*ကွင်းစလန်ပြည်နယ် ယဉ်ကျေးမှုအရဆက်နွယ်သော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဌာန (Queensland Transcultural Mental Health Centre)မှ ပံ့ပိုးသော ဝန်ဆောင်မှု*

## ဝန်ဆောင်မှုယူသူ၏စိကောင်းစရာ အချက်လက်များ စာစောင် (Burmese)

သင်သည် ကွင်းစလန်ပြည်နယ် ယဉ်ကျေးမှုအရ ဆက်နွယ်သော စိတ်ပိုင်းဆိုင်ရာကျန်းမာရေးဌာနမှ ဘာသာစကားနှစ်မျိုးပြောတတ်သည့် စိတ်ပိုင်းကျန်းမာရေးဆိုင်ရာ အတိုင်ပင်ခံ (Bilingual Mental Health Consultant )(BMHC) နှင့် ယခုတွေ့ဆုံခဲ့ပါသည်။

သင့် ဘာသာစကားနှစ်မျိုးပြောတတ်သည့် စိတ်ပိုင်းကျန်းမာရေးဆိုင်ရာ အတိုင်ပင်ခံ၏အမည်မှာ ________________________________ ________________________________ ဖြစ်ပါသည်။

QTMHC သည် ဘာသာစကားနှစ်မျိုးပြောတတ်သည့် စိတ်ပိုင်းကျန်းမာရေးဆိုင်ရာ အတိုင်ပင်ခံများမှတဆင့် ဖေါ်ပြပါ ဝန်ဆောင်မှုများ ပံ့ပိုးပေးပါသည်။ -

- ယဉ်ကျေးမှုနှင့်လျော်ကန်သင့်မြတ်သော စစ်ဆေးအကဲဖြတ်ခြင်းများ
- သင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့်ပတ်သက်သော ယဉ်ကျေးမှုဆိုင်ရာ ကိစ္စများကို ရှင်းပြခြင်း
- သင့်တစ်ဦးခြင်း ပြုစုစောင့်ရှောက်မှုကို တိုးတက်စေရေး သို့မဟုတ် ပြန်လည်စိစစ်ရေးတွင် ကူညီပံ့ပိုးခြင်း
- သင်နှင့် သင့်အား ပြုစုစောင့်ရှောက်သူတို့အား သင့်စိတ်ပိုင်းကျန်းမာရေးနှင့်ပတ်သက်ပြီး သိကောင်းစရာများပေးခြင်း၊ ပညာပေးဆွေးနွေးခြင်းကဲ့သို့ အချိန်ကာလတို ကူညီပံ့ပိုးမှုပြုခြင်း

### သင့် ရပိုင်ခွင့် အခွင့်အရေးများ

သင့်မှာ အောက်ဖေါ်ပြပါ ရပိုင်ခွင့် အခွင့်အရေးများ ရှိသည်။ -

- သင့်ကျန်းမာရေးအတွက် ကိုယ်တိုင်ဆုံးဖြတ်ခွင့်
- သင့်ယဉ်ကျေးမှု၊ အသက်အရွယ်၊ လူမှုရေးအရ အဆင့်၊ ယောကျ်ားမိန်းမဖြစ်နေခြင်း၊ လိင်အခြေအနေကို ရွေးချယ်မှု၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် နိုင်ငံရေးယုံကြည်ချက်များကြောင့် နှိမ့်ချဆက်ဆံခြင်းမခံရဘဲ ပညာရပ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှု
- သင့်ရောဂါအခြေအနေ၊ မကျန်းမာမှုနှင့် စီမံထိန်းသိမ်းမှုဆိုင်ရာ အစီအစဉ်များကို သင်နားလည်သောစကားဖြင့် ရှင်းပြရန်
- သင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များနှင့် လျှို့ဝှက်သိုသိပ်မှုကို လေးစားရန်
- သင်စကားပြန်လိုအပ်ပါက တောင်းဆိုခွင့်နှင့် ရပိုင်ခွင့်
- သင့်ကိုပြုစုစောင့်ရှောက်မှု လုပ်ငန်းအားလုံးအတွက် ကူညီပံ့ပိုးသူ (မိတ်ဆွေ၊ ဆွေမျိုးသားခြင်း၊ ကူညီပံ့ပိုးရေး ဝန်ထမ်း) ရခွင့်
- သင့်ကိုပြုစုစောင့်ရှောက်မှု မည်သည့်လုပ်ငန်းကိုမဆို သင်မကျေနပ်ပါက တိုင်ကြားခွင့်

### သင့် တာဝန်ဝတ္တရားများ

သင်သည် အောက်ဖေါ်ပြပါအတိုင်း ဆောင်ရွက်ခြင်းဖြင့် သင့်စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဝန်ထမ်းနှင့်အတူ သင့် ကျန်းမာရေးစောင့်ရှောက်မှုကို လုပ်ဆောင်ရန် အားပေးတိုက်တွန်းပါသည်။ -

- သင့်ကျန်းမာရေးဆိုင်ရာမေးခွန်းများကို အတတ်နိုင်ဆုံး ပွင့်လင်းစွာ ဖြေကြားခြင်း
- ရက်ချိန်းများသို့ မပျက်မကွက်လာရောက်ခြင်းနှင့် အကယ်၍ ရက်ချိန်းသို့မလာရောက်နိုင်ပါက သင့်ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းကို အသိပေးခြင်း
- သင်သဘောတူထားသည့်ကုသမှု သို့မဟုတ် စီမံထိန်းသိမ်းမှုကို လိုက်နာဆောင်ရွက်ခြင်းနှင့် အကယ်၍ သင့်ဆေးကုသမှုကို ဆက်လက်မပြုလုပ်လိုတော့ပါက သင့် ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းကို ပြောပြခြင်း
- အကယ်၍ သင်က ထိုပြဿနာကိုပင် အခြား ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းတစ်ဦးနှင့်တွေ့ဆုံနေပါက သင့်လက်ရှိ ကျန်းမာရေးဆိုင်ရာဝန်ထမ်းကို အသိပေးခြင်း တို့ဖြစ်သည်။

အကယ်၍သင်သည် အချက်အလက်များ ပိုမိုသိလိုလျှင်၊ သင့် စိုးရိမ်ပူပန်မှုများအကြောင်းဆွေးနွေးလိုလျှင် သို့မဟုတ် မကျေနပ်မှုများ တိုင်ကြားလိုလျှင် သင်သည် (07) 3167 8333 (ဘရစ်စဘိန်းမြို့တွင်း) သို့မဟုတ် 1800 188 189 (ဘရစ်စဘိန်းပြင်ပ) ကို ဆက်သွယ်နိုင်ပြီး ဆေးပညာပိုင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်သူ သို့မဟုတ် မန်နေဂျာနှင့်စကားပြောလိုကြောင်း ပြောပြပါ။

အကယ်၍သင်သည် အင်္ဂလိပ်စကားမပြောတတ်ပါက သင့်ဘာသာစကားဖြင့် စကားပြန်တောင်းရန် ကျေးဇူးပြု၍ 131450 ကို ခေါ်ပြီး ကွင်းစလန်ပြည်နယ် ယဉ်ကျေးမှုအရ ဆက်နွယ်သော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးဌာနကို (07) 3167 8333 တွင် ဆက်သွယ်ခိုင်းပါ။ စကားပြန်အတွက် ပေးရသောအခကြေးငွေကို ဌာနမှ ကျခံပါမည်လိမ့်မည်။